ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်
# ကယားပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်
## ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၅ ။ )

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄ – ၂၀၁၅ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက် စေရမည်။

### အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)နှင့် (၃) တို့တွင်ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကိုစီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

( ပုံ ) ခင်မောင်ဦး
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

ပြည်နယ်အစိုးရ / ပြည်နယ်လွှတ်တော် / ပြည်နယ်ဥပဒေချုပ် / ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၆. ၅၀၇ | | | ၉၉၀. ၀၀၀ | | | |
| ၂ | ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅. ၅၀၀ | | | ၉၁. ၈၅၀ | | | |
| ၃ | ၃ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | | ၁၇၅. ၀၀၀ | | | |
| ၄ | ၄ | စာရင်းရုံးများ | ပြည်နယစာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၆၉. ၆၃၇ | | | ၆၇. ၄၂၈ | | | |
| | | ပေါင်း | | ၁၃၁. ၆၄၄ | | | ၁၃၂၄. ၂၇၈ | | | |

ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၀. ၁၇၇ | | | ၂၄၀. ၁၃၆ | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၂၃၉. ၀၃၆ | | | |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁. ၇၅၄ | | | ၁. ၁၀၀ | | | |
| | | ၃ | မီးသတ်ဦးစီးဌာန | | ၉၈. ၄၂၃ | | | | | | |
| ၂ | ၆ | | သမဝါယမ | ၄င်း | ၃၆. ၃၉၉ | | | ၅. ၆၀၂ | | | |
| | | ၁ | သမဝါယမဦးစီးဌာန | | ၉. ၉၆၁ | | | | | | |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၆. ၄၃၈ | | | ၅. ၆၀၂ | | | |
| ၃ | ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၄င်း | ၁၄. ၆၃၁ | | | ၀. ၈၄၀ | | | |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၁. ၄၁၃ | | | ၀. ၈၄၀ | | | |
| | | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၃. ၂၁၈ | | | | | | |
| ၄ | ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄င်း | ၇. ၉၇၅ | | | | | | |
| | | ၁ | သစ်တောဦးစီးဌာန | | ၇. ၉၇၅ | | | | | | |
| ၅ | ၁၀ | | အားကစား | ၄င်း | ၅၇. ၅၅၅ | | | ၅၃၀. ၉၅၀ | | | |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၇. ၅၅၅ | | | ၅၃၀. ၉၅၀ | | | |
| ၆ | ၁၁ | | ဘဏ္ဍာရေး | | | | | ၅၈. ၉၇၀ | | | |
| | | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | ၅၈. ၉၇၀ | | | |
| ၇ | ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၁၇. ၆၄၆ | | | | | | |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၇. ၆၄၆ | | | | | | |
| ၈ | ၁၃ | | ဆောက်လုပ်ရေး | ၄င်း | | | | ၁၆၆. ၂၀၀ | | | |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၆၆. ၂၀၀ | | | |
| ၉ | ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၃၂. ၂၈၃ | | | ၇၇. ၇၃၉ | | | |
| | | | ပေါင်း | | ၂၆၆. ၆၆၆ | | | ၁၀၈၀. ၄၃၇ | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၂ | | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၃၁၄· ၂၄၄ | | | |
| | | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၃၁၄· ၂၄၄ | | | |
| | | | ပေါင်း | | | | | ၃၁၄· ၂၄၄ | | | |